# စစ်ဆေးမှုအတွက်ရန်လက်ခံပေးခြင်း နှင့်ပတ်သက်နေသော မေးမြန်းပြောဆိုခြင်း

**မိမိအား လူဝင်မှုကြီးကြပ်ရေးဌာန၏ မေးမြန်းပြောဆိုခြင်း တစ်ခုအတွက် ဖိတ်ကြားထားပါသည်။ မေးမြန်းပြောဆိုချိန်အတွက် သင့်အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ရှင်းပြထားသော ညွှန်ကြားချက်များကို ဂရုတစိုက်ဖတ်ရှုပါ။ အကယ်၍ မိမိ၌ ဤညွှန်ကြားချက်များနှင့်ပတ်သက်၍ မေးခွန်းများရှိပါက၊ မေးမြန်းပြောဆိုချိန်အစဥ် လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းအား မိမိ၌ရှိသော ဤမေးခွန်းများကို မေးမြန်းနိုင်ပါသည်။**

## စစ်ဆေးရန်အတွက်ရန်လက်ခံပေးခြင်း နှင့်ပတ်သက်နေသော မေးမြန်းပြောဆိုခြင်းဆိုသည်မှာ မည်သို့သောအရာဖြစ်ပါသနည်း။



စစ်ဆေးမှုအတွက်ရန်လက်ခံပေးခြင်း နှင့်ပတ်သက်နေသော စစ်ဆေးမေးမြန်းခြင်း၌ အကြောင်းပြချက်များကို ဖြေရှင်းမည်ဖြစ်သည်၊ ဤအရာများအေပါ် အခြေခံ၍ လူဝင်မှုကြီးကြပ်ရေးဌာနမှ သင်၏လျှောက်လွှာအတွက် ဖင်လန်နိုင်ငံတွင် ဆက်လက်စစ်ဆေးမည်၊ မစစ်ဆေးမည်ကို ဆုံးဖြတ်မည်ဖြစ်ပါသည်။ မိမိ၏လျှောက်လွှာကို မစစ်ဆေးရခြင်း၏ အကြောင်းရင်းများသည် အောက်ပါအတိုင်းဖြစ်ပါသည်။

- မိမိသည် ဘေးရန်ကင်းရှင်းသောနိုင်ငံမှ ဤနိုင်ငံသို့ရောက်ရှိလာပြီး၊ မိမိသည် ခိုလှုံခွင့် ရရှိထားသူဖြစ်ပြီး သို့မဟုတ် လက်အောက်ခံကာကွယ်မှု သို့မဟုတ် အခြားနည်းဖြင့် လုံလောက်သောကာကွယ်မှုများရရှိထားသူ နှင့် မိမိအား ထိုနေရာသို့ပြန်ပို့နိုင်ခြေရှိပါက (ပထမဆုံးခိုလှုံခွင့်ရှောက်ထားသောနိုင်ငံ) ဤသို့ဆိုလိုခြင်းဖြစ်ပါသည်။
    - အုပ်ထိန်းသူမဲ့၊ အသက်မပြည့်သေးသောသူများအတွက်၊ တတိယနိုင်ငံသည် ခိုလှုံခွင့်၏ ပထမဆုံးနိုင်ငံအဖြစ် သတ်မှတ်နိုင်ပါသည်။ အကယ်၍၊ ကလေး၏ ကောင်းအကျိုးများအတွက် ဆန့်ကျင်မှုမရှိပါကဖြစ်ပါသည်၊ နှင့် အကယ်၍ ထိုနိုင်ငံ၏

အာဏာပိုင်များသည် ကလေးအတွက် တာဝန်ယူမည်ဖြစ်ပြီး၊ ကလေးသည် ချက်ချင်းထိရောက်သောကာကွယ်မှုကိုသေချာစွာ ရရှိမည်ဖြစ်ပါက ဖြစ်ပါသည်။

- သင်သည် ဘေးကင်းသောနိုင်ငံမှ ရောက်ရှိလာပြီး၊ ထိုအခြေအနေအရ ကာကွယ်မှုကို တောင်းဆိုနိုင်ပြီး နှင့် ကာကွယ်မှုရရှိရန် ရရှိနိုင်ပြီး၊ အကယ်၍၊ သင့်အား ထိုနေရာသို့ ပြန်လည်ပို့ဆောင်၍ရပါကဖြစ်ပါသည် (ဘေးကင်းသော တတိယနိုင်ငံ)
    - အုပ်ထိန်းသူ မပါလာသော အသက်မပြည့်သေးသောသူများ အတွက်၊ တတိယနိုင်ငံတစ်ခုသည် ဤကလေး၏ အကောင်းကျိုးကို မဆန့်ကျင်ပါကနှင့် အကယ်၍၊ သေချာမှုသာလျှင်ဖြစ်သည်၊ ထိုနိုင်ငံ၏ အာဏာပိုင်များသည် ကလေးအတွက် တာဝန်ယူမည်ဖြစ်ပြီး၊ ကလေးသည် ချက်ချင်းထိရောက်သောကာကွယ်မှုကိုသေချာစွာ ရရှိမည်ဖြစ်ပါက ဖြစ်ပါသည်။
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးသည် သင့်အား ဘေးရန်ကင်းရှင်းသော တစ်ဖန်ပြန်လည်နေရာချထားရေး အတွက် ကမ်းလှမ်းထားပါသည်၊ ဆိုလိုသည်မှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ သို့မဟုတ် တတိယနိုင်ငံတွင် ဖြစ်ပါသည်။
- သင်သည် အလုပ်လုပ်ရက် ၇ ရက် အကြာပြီး နောက်၊ လျှောက်လွှာကို တင်ခဲ့ပါသည်၊ ထိုအခါ၌ မိမိအား ပြန်ပို့ရန်ညွှန်ကြားချက်ပေးမှုအရ ပြန်ပို့ရန် ဆုံးဖြတ်ချက်ကို ထုတ်ပြန်ပေးပြီး ဖြစ်သည်။
- သင်သည် ဥရောပသမဂ္ဂ၏ အခြားအဖွဲ့ဝင်နိုင်ငံတစ်ခုခုမှ နိုင်ငံတကာကာကွယ်မှုကို ရရှိပြီးသူဖြစ်သည်။
- သင်သည် နောက်ပိုင်း၌ လျှောက်လွှာတစ်စောင်ကိုထပ်မန် တင်သွင်းခဲ့သည်။ ထိုအခါ၌ ဤကဲ့သို့သော အကြောင်းပြချက်အသစ်များ မပါဝင်ခဲ့ပါ၊ ဤအရာများကို အခြေခံပြီး
- လူဝင်မှုကြီးကြပ်ရေးဌာနမှ သင့်အား နိုင်ငံတကာကာကွယ်မှု လိုအပ်သည်ဟု ယူဆနိုင်ခြင်း သို့မဟုတ် မိမိ၏
    - ယခင်ဆုံးဖြတ်ချက် လျှောက်လွှာကို မစစ်ဆေးတော့ဘဲ ချန်ထားခဲ့ပြီး အခြား သောနည်းလမ်းများဖြင့် ထပ်မန်၍ အခြားသောပုံစံတမျိုးမျိုးဖြင့် အကဲဖြတ်သင့်သည်။
- အကယ်၍၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ သင်၏ လျှောက်လွှာကို စစ်ဆေးမှုအတွက်လက်ခံပါက၊ သင့်အား ခိုလှုံခွင့် မေးမြန်းပြောဆိုချိန် လုပ်ပေးမည်ဖြစ်သည်၊ ထိုနေရာတွင် မိမိအား အဘယ့်ကြောင့် မိမိသည် ဖင်လန်နိုင်ငံ၌ နိုင်ငံတကာကာကွယ်မှုရှာဖွေနေရသည်ကို အကြောင်းရင်းများ ရှင်းပြေပးရန် မိမိအား တောင်းဆိုမည်ဖြစ်ပါသည်။ ခိုလှုံခွင့်အတွက်မေးမြန်းပြောဆိုချိန်၌၊ မိမိအတွက် စီစဉ်ထားသော စစ်ဆေးမှု

အတွက်လက်ခံပေးရန် နှင့်ပတ်သက်၍ ဤ မေးမြန်းပြောဆိုချိန် နှင့်အတူ ပြုလုပ်ပြောဆိုမည်ဖြစ်သည်၊ အကယ်၍ အချိန်ရှိမှသာလျှင် ၎င်းအတွက် ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်သည်။ ခိုလှုံခွင့်နှင့်ပတ်သက်နေသော မေးမြန်းပြောဆိုချိန် အတွက် ပြင်ဆင်မှုပြုလုပ်ခြင်းနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များအတွက် "အကယ်၍၊ ခိုလှုံခွင့်အတွက်မေးမြန်းပြောဆိုချိန်၌၊ မိမိအတွက် စီစဉ်ထားသော စစ်ဆေးရန် အတွက်လက်ခံပေးရန် နှင့်ပတ်သက်၍ ဤ မေးမြန်းပြောဆိုခြင်ပြီး ဆက်လက်၍ လုပ်ကိုင်မည်ဖြစ်ပါက"

## စစ်ဆေးမေးမြန်းခြင်းကို မည်သည့်နေရာ၊ မည်သည့်အချိန်နှင့် မည်ကဲ့သို့စီစဉ်မည်နည်း။

- သင်သည် ဤညွှန်ကြားချက်များနဲ့အတူ မေးမြန်းပြောဆိုချိန်အတွက် ဖိတ်ခေါ်စာကို ရရှိထားသူဖြစ်ပါသည်။ ဤမေးမြန်းပြောဆိုခြင်ကို မည်သည့်နေရာ၊ မည်သည့်အချိန်နှင့် မည်ကဲ့သို့စီစဉ်မည်ကို ယခုပြောပြထားပါသည်။
- မေးမြန်းပြောဆိုခြင် ကို အသံဖန်းထားမည်ဖြစ်ပြီး၊ မိမိအလိုရှိပါက သင်ကိုယ်တိုင် ဤမှတ်တမ်းတင်ထားသောအရာကို တောင်းဆိုနိုင်ပါသည်။ ဤသို့မှတ်တမ်းတင်ခြင်းသည် မရှင်းလင်းမှုများကို ဖြေရှင်းစေရန် ဤသို့ ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး၊ လူဝင်မှုကြီးကြပ်ရေးဌာနသည် ၎င်းကို အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုမည်မဟုတ်ပါ။
- မေးမြန်းပြောဆိုခန်းတွင် ပုံရိပ်ကို မှတ်တမ်းတင်ထားသည့် စောင့်ကြည့်ကင်မရာတစ်ခု ရှိကောင်းရှိနိုင်ပါသည်။
- မေးမြန်းပြောဆိုမှုများကို မှတ်တမ်းစာစောင်တစ်ခုအဖြစ် ပြုလုပ်သွားမည်ဖြစ်ပါသည်။
- မေးမြန်းပြောဆိုချိန် တွင် သင်ပြောသမျှအရာအားလုံးကို လျှို့ဝှက်ထားမည်ဖြစ်သည်။ မိမိပြောပြထားသည့်အရာများအားလုံးကို အမှုကိုကိုင်တွယ်ရာတွင် မရှိမဖြစ်လိုအပ်သူများနှင့် ဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း အချက်အလက်များကို ရယူခွင့်ရှိသော အာဏာပိုင်များမှလွဲ၍ အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခြင်းရှိမည်မဟုတ်ပါ။
- ဖိတ်စာတွင် မိမိ၏ မေးမြန်းပြောဆိုခြင်း ကို ဗီဒီယိုလင့်ခ်မှတစ်ဆင့် ပြုလုပ်မည်၊ ဟုတ်မဟုတ် ကို ဖော်ပြထားပါမည်။ ဗီဒီယိုလင့်ခ်မှတစ်ဆင့် ပြုလုပ်မည့် အစည်းအဝေး၏ အကြောင်းအရာများကိုလည်း လူဝင်မှုကြီးကြပ်ရေးဌာန၏ ဝက်ဘ်ဆိုက်တွင် ပိုမိုဖတ်ရှုနိုင်ပါသည်။ **migri.fi/turvapaikanhakijan-asiointi**.

- ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိ၏ မေးမြန်းပြောဆိုခြင်း ကို ရွှေ့ဆိုင်း၍မရပါ။ သင်၏ မေးမြန်းပြောဆိုခြင်း နေ့တွင် သင်သည်ဖျားနာနေပါက လူဝင်မှုကြီးကြပ်ရေးဌာနသို့ ချက်ချင်းအကြောင်းကြားပေးပါ။ လိုအပ်ပါက ဧည့်ကြိုဌာနစင်တာမှ ဤကိစ္စနှင့်ပတ်သက်၍ အကူအညီရယူနိုင်ပါသည်။ မိမိသည် ခိုင်လုံသောအကြောင်းပြချက်ကို ပေးရပါမည် သို့မဟုတ် ဧည့်ကြိုဌာနစင်တာရှိ သူနာပြုထံမှ သို့မဟုတ် ဆရာဝန်ထံမှ မိမိ၏ဖျားနာမှုနှင့်ပတ်သက်နေသည့် အစီရင်ခံစာကို အမြန်ဆုံး သို့မဟုတ် မေးမြန်းပြောဆိုမည့်ရက်၊ တစ်ပတ်အတွင်း လူဝင်မှုကြီးကြပ်ရေးဌာနသို့ တင်ပြရပါမည်။ အကယ်၍၊ ခိုင်လုံသောအကြောင်းပြချက်များမရှိဘဲ၊ မိမိ၏ မေးမြန်းပြောဆိုချိန်ကို လွတ်သွားပါက သင်၏လျှောက်လွှာကို သွယ်ဝိုက်သောနည်းဖြင့် ရုပ်သိမ်းသည်ဟု ယူဆပြီး ဤကိစ္စအတွက် ကိုင်တွယ်ဖြေရှင်းမှုကို ရုပ်သိမ်းလိုက်မည်ဖြစ်ပါသည်။

## မေးမြန်းပြောဆိုသည့်နေ့၌ မည်သူများ တက်ရောက်ပါဝင်မည်နည်း။

မေးမြန်းပြောဆိုခြင်း သို့ ဖိတ်ခေါ်စာကိုလက်ခံရရှိသူများ နှင့် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ကြိုတင်သဘောတူညီမှုရရှိထားကြသော အခြားသောသူများသာလျှင်၊ ဤ မေးမြန်းပြောဆိုခြင်းနေရာ သို့ တက်ရောက်ခွင့်ရှိမည်ဖြစ်သည်။ မေးမြန်းပြောဆိုခြင်း သို့ ဖိတ်စာလက်ခံရရှိသူများနှင့် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ကြိုတင်သဘောတူညီမှုရရှိထားကြသော အခြားသူများသာလျှင် ဤ မေးမြန်းပြောဆိုခြင်း သို့ တက်ရောက်ခွင့်ရှိပါသည်။ မေးမြန်းပြောဆိုသည့်အချိန်၌ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းတစ်ဦး၊ ဆိုလိုသည်မှာ မေးမြန်းပြောဆိုသူ၊ အခြေအနေပေါ်မူတည်ပြီး စကားပြန်၊ မိမိ၏ရှေ့နေဥပဒေအကြံပေးလက်ထောက်၊ ကိုယ်စားလှယ်၊ ဝင်ငွေများအုပ်ထိန်းပေးသူ၊ သို့မဟုတ် ပံ့ပိုးကူညီပေးသူ၊ အကယ်၍ မိမိသည် ပံ့ပိုးကူညီပေးသူတစ်ဦး တက်ရောက်ရန်အတွက် တောင်းဆိုထားပြီး လူဝင်မှုကြီးကြပ်ရေးဌာနသည်လည်း မေးမြန်းပြောဆိုခြင်း၌ ပါဝင်ခွင့်ပြုချက်ရရှိထားပါက၊ ဤမေးမြန်းပြောဆိုခြင်းကို ပံ့ပိုးထောက်ပံ့ပေးသူသည် တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။ ပိုမိုဖတ်ရှုပါရန်။ လူဝင်မှုကြီးကြပ်ရေးဌာန ဝက်ဘ်ဆိုက်တွင် ပါဝင်သူများ၏ အခန်းကဏ္ဍတွေအကြောင်း **migri.fi/turvapaikanhakijan-asiointi**.

## မေးမြန်းပြောဆိုချိန်၌ မိမိ၌ မည်သို့သောတာဝန်ဝတ္တရားများရှိသနည်း။

- မေးမြန်းပြောဆိုခြင်း ၌ မိမိ၏ရှေ့နေဥပဒေအကြံပေးလက်ထောက်တစ်ဦးကို အသုံးပြုရန် အခွင့်အရေးရှိပါသည်။ လက်ထောက်သည် ၎င်းတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် မေးမြန်းပြောဆိုချိန်တွင် ပါဝင်မည်ဖြစ်သည်။
- အကယ်၍၊ သင်သည် အသက်ပြည့်ပြီးသူ၊ ခိုလှုံခွင့်တောင်းခံသူဖြစ်ပါက မိမိ၏ရှေ့နေဥပဒေအကြံပေးလက်ထောက်တစ်ဦးကို သင်ကိုယ်တိုင် ငှားရမည်ဖြစ်ပါသည်။ အကယ်၍၊ မေးမြန်းပြောဆိုခြင်း အတွက် မိမိ၏ရှေ့နေဥပဒေအကြံပေးလက်ထောက်ဖြစ်သူတစ်ဦးကို သင်သည် ကိုယ်တိုင် စီစဉ်ပေးခြင်းမရှိခဲ့ပါက၊ ကျွန်ုပ်တို့ သည် ရှေ့နေဥပဒေအကြံပေးလက်ထောက်မပါဘဲ ဤ မေးမြန်းပြောဆိုခြင်း ကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။
- အကယ်၍၊ သင်သည် အုပ်ထိန်းသူ မပါသော အသက်မပြည့်သေးသူဖြစ်ပါက၊ မေးမြန်းပြောဆိုချိန်တွင် သင့်ကိုယ်စားလှယ်သည် အမြဲပါရှိနေမည်ဖြစ်ပါသည်။ လိုအပ်ပါက သင့်ကိုယ်စားလှယ်သည် မေးမြန်းပြောဆိုခြင်း အတွက် ရှေ့နေဥပဒေအကြံပေးလက်ထောက်တစ်ဦးကို စီစဉ်ပေးမည်ဖြစ်ပါသည်။ သင့်တွင် ကိုယ်စားလှယ်မရှိပါက ဖင်လန်နိုင်ငံရှိ မိမိ၏အုပ်ထိန်းသူသည် မေးမြန်းပြောဆိုချိန်တွင် တက်ရောက်မည်ဖြစ်သည်။
- မေးမြန်းပြောဆိုသည့်အခါ၌ ဘာသာပြန်တစ်ဦးပါရှိမည်ဖြစ်ပါသည်။ ဘာသာပြန်ဆိုပေးမည့်သူ၏အလုပ်သည်၊ မေးမြန်းပြောဆိုသောအခါ၌ ပြောဆိုသမျှအလုံးစုံကို ဘက်မလိုက်ဘဲ ဘာသာပြန်ပေးရန်ဖြစ်ပါသည်။ ဘာသာပြန်သူသည် ကိုယ်တိုင်လာရောက်ခြင်း သို့မဟုတ် ဖုန်း သို့မဟုတ် ဗီဒီယိုမှတဆင့် ဘာသာပြန်ဆိုပေးနိုင်ပါသည်။
- အကယ်၍ မိမိ၌ ခိုင်လုံသောအကြောင်းပြချက်များရှိပါက၊ မိမိမျှော်လင့်ချက်အရ၊ ဘာသာပြန် သို့မဟုတ် မေးမြန်းပြောဆိုသူအား အမျိုးသမီး သို့မဟုတ် အမျိုးသား လိုချင်ခဲ့သော်၊ လူဝင်မှုကြီးကြပ်ရေးဌာနသို့ မေးမြန်းပြောဆိုခြင်းမတိုင်မီ ကြိုတင်၍အသိပေးပါ။ လိုအပ်ပါက ညှော်ကြိုဌာနရှိ ဝန်ထမ်းတစ်ဦး တစ်ယောက် အား အကူအညီတောင်းနိုင်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနသည် အကြောင်းပြချက်သည် မှန်ကန်မှုရှိမရှိ အကဲဖြတ်ပါမည်။ အကယ်၍၊ သင်သည် ထိန်းသိမ်းရေးဌာန၌ သို့မဟုတ် အခြားအဆောင်တစ်နေရာရာတွင် နေနေပါက မိမိနေထိုင်သည့် နေရာရှိ ဝန်ထမ်းအား ပြောပြပါ။ အကယ်၍ မိမိသည် လူကြီးမပါလာသော အသက်မပြည့်သေးသူဖြစ်ပါက၊ မိမိကိုယ်စားလှယ်ထံမှ အကူအညီတောင်းဆိုပါ။

- မေးမြန်းပြောဆိုသူ နှင့် မေးမြန်းပြောဆိုနေချိန်၌ ဤနေရာ၌ရောက်ရှိနေကြသော အခြားသူများ၌၊ လျှို့ဝှက်ရမည့်တာဝန်များ ရှိကြပါသည်၊ ဆိုလိုသည်မှာ ၎င်းတို့ မေးမြန်းပြောဆိုချိန်၌ ကြားသိခဲ့ရသည့် အကြောင်းအရာများကို အပြင်သို့ မည်သူ့ကိုမျှ ထုပ်ဖေါ် ပြောဆိုပိုင်ခွင့်မရှိပါ။ သို့သော်ကိစ္စရပ်များ၌၊ မေးမြန်းပြောဆိုချိန်တွင် မိမိပြောပြသောအရာများသည်၊ မိမိ၏ မိသားစုဝင်များ၏ လျှောက်လွှာကို စီမံဆောင်ရွက်ခြင်းများနှင့်အတူပါဝင်ပတ်သက်မှုများလည်းရှိနိုင်ပါသည်။ ထိုကဲ့သို့သောကိစ္စရပ်များတွင်၊ မိမိ၏ မိသားစုဝင်များ၏ကိစ္စများတွင် ကျွန်ုပ်တို့သည် ၎င်းအရာများကို၊ ထည့်သွင်းစဉ်းစားပေးပါမည်။ သို့သော်ငြားလည်း၊ မိမိသည် မိမိပြောပြထားသောအရာများကို၊ ဤသို့ ထုပ်ဖော်ပြောပြပေးခြင်းအားဖြင့်၊ မိမိအတွက် သို့မဟုတ် မိမိ၏ မိသားစုဝင်များအတွက် အန္တရာယ်ဖြစ်စေနိုင်ပါက၊ မိမိ၏ မိသားစုဝင်ထံမှ မိမိပြောဆိုပြထားသောအရာများကို ကျွန်ုပ်တို့သည် ဖုံးဝှက်ထားပေး၍ရနိုင်ပါသည်။ မေးမြန်းပြောဆိုချိန်၌ ဤကိစ္စနှင့်ပတ်သက်၍ မိမိ၏ အမြင်ကို မိမိသည် ဖော်ပြပေးနိုင်ပါသည်။
- မိမိနှင့်သက်ဆိုင်နေသော စာရွက်စာတမ်းများသည် အခြေခံအားဖြင့် လျှို့ဝှက်ထားရမည့်အရာများဖြစ်ပါသည်။
- အကယ်၍၊ သင်သည် အုပ်ထိန်းသူမပါလာသောသူ အသက်မပြည့်သေးသူဖြစ်ပါက၊ လူဝင်မှုကြီးကြပ်ရေးဌာနသည် သင့်မိဘများ သို့မဟုတ် အခြား သင့်အားအမှန်တကယ့်အုပ်ထိန်းပေးသူကို ရှာဖွေခြင်း သို့မဟုတ် ခြေရာခံခြင်းများပြုလုပ်နိုင်ပါသည်။ အမှန်တကယ့်အုပ်ထိန်းပေးသူ ဆိုသည်မှာ၊ သင့်အမိနိုင်ငံ၌ မိမိအား ပြုစုစောင့်ရှောက်ပေးခဲ့သူကို ဆိုလိုခြင်းဖြစ်ပါသည်။ ခြေရာခံရန်အတွက်သာလျှင် ဤအရာ၌လိုအပ်နသော အချက်အလက်များကို အသုံးပြုမည်ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိအတွက် သို့မဟုတ် မိမိနှင့်နီးစပ်သူများအား ထိခိုက်မှု သို့မဟုတ် အဆင်မပြေမှုများ မဖြစ်စေနိုင်သော နည်းလမ်းများဖြင့် ဤခြေရာခံခြင်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနသည် မေးမြန်းပြောဆိုချိန်၌၊ ဤခြေရာခံခြင်းနှင့်ပတ်သက်၍၊ မိမိ၏ထင်မြင်ချက်များနှင့်၊ ခြေရာခံရာတွင် အထောက်အကူဖြစ်စေနိုင်မည့် အချက်အလက်များကို မိမိအား စုံစမ်းမေးမြန်းမည်ဖြစ်ပါသည်။

## မေးမြန်းပြောဆိုချိန်၌ မိမိ၌ မည်သို့သောတာဝန်ဝတ္တရားများရှိသနည်း။

- သင်သည်၊ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိပြီး နှင့် အမှန်တရားအတိုင်း ပြောဆိုပေးရန်လည်း တာဝန်ရှိပါသည်။

- မေးမြန်းပြောဆိုခြင်း၌၊ စစ်ဆေးမှုအတွက်ရန်လက်ခံပေးမှုမရှိရခြင်းများ နှင့်ပတ်သက်နေသော အကြောင်းပြချက်များသည် အဘယ့်ကြောင့် မိမိနှင့် မသက်ဆိုင်ကြောင်း တင်ပြခွင့် ပေးမည်ဖြစ်သည်။ မိမိသည် ဤမေးမြန်းပြောဆိုချိန်၌တွင် ပါဝင်တက်ရောက်ပြီး နှင့် မေးခွန်းများကို သင်ကိုယ်တိုင် ဖြေဆိုပေးရန် တာဝန်ရှိပါသည်။ မေးခွန်းများကို တတ်နိုင်သမျှ တိကျစွာ ဖြေဆိုပေးပါ။



- အကယ်၍ သင်သည်အမှန်တရားအတိုင်းမပြောပါက၊ ၎င်းသည် မိမိ၏လျှောက်လွှာအပေါ် ငြင်းဆိုသည်အထိ၊ သက်ရောက်မှုများရှိလာနိုင်ပါသည်။ အမှန်အတိုင်းပြောဆိုပေးပြီးသည် နှင့် မိမိ၏လျှောက်လွှာအတွက် မရှိမဖြစ်လိုအပ်သော အလက်များကို၊ မည်သည့်အချက်ကိုမဆို ချန်ထားခြင်းများလည်း မပြုလုပ်ပါနှင့်။
- ကျေးဇူးပြု၍ သတိပြုပါ။ မှားယွင်းသော အချက်အလက်များကို ပေးခြင်း သို့မဟုတ် မှန်ကန်သော အချက်အလက်များကို ဖုံးကွယ်ထားခြင်းသည်လည်း၊ နောက်ပိုင်းတွင် ခွင့်ပြုထားပြီးဖြစ်စေသာခွင့်ပြုချက်များကို ရုပ်သိမ်းနိုင်ပြီး၊ နှင့် မိမိ၏ အခြား သောကိစ္စရပ်များကို ဖြေရှင်းစီမံဆောင်ရွက်ရန်အတွက် ပိုမိုခက်ခဲမှုများဖြစ်စေနိုင်ပါသည်။ မေးမြန်းပြောဆိုသူသည်၊ ဤကိစ္စရပ်များကိုဖြေဆိုပေးနိုင်ရန်အတွက် မေးခွန်းများမေးပေးခြင်းအားဖြင့်၊ ကူညီခြင်း နှင့် လမ်းညွှန်မှုများလုပ်ပေးပြီး ဖြေရှင်းသွားပါမည်။ ၎င်းအရာများ၌ မိမိအတွက်ထိမိခိုက်မိလွယ်ပြီး၊ ခက်ခဲသောကိစ္စရပ်များလည်း ပါဝင်နိုင်ပါသည်။ ခက်ခဲသောကိစ္စရပ်များကိုလည်း ဆွေးနွေးသင့်ပါသည်၊ ၎င်း အရာများသည် မိမိအတွက်အကျိုးရှိနိုင်မည်ဖြစ်သည့်အတွက်သာလျှင် ဆွေးနွေးရမည်ဖြစ်ပါသည်။ ၎င်းတို့သည်၊ မိမိ၏ လျှောက်လွှာအတွက် ဆုံးဖြတ်သောအခါ၌ အရေးပါမှုများလည်း ဖြစ်နိုင်ပါသည်။
    - အကယ်၍ မိမိသည်အချို့သောအကြောင်းအရာများကို ပြောဆိုရာ၌ ခက်ခဲမှုများကြုံတွေ့ပါက မေးမြန်းပြောဆိုသောသူအား ရှင်းပြ၍ရပါသည်။ မေးမြန်းပြောဆိုသောအခါတွင် မိမိပေးအပ်ထားသော အချက်အလက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ချမည်ဖြစ်သောကြောင့်၊ မိမိ၏ လျှောက်လွှာနှင့်ပတ်သက်သည့် အရာများအလုံးစုံတို့ကို ကျွန်ုပ်တို့အား ပြောပြပေးရန် အရေးကြီးပါသည်။
- အကယ်၍ မေးမြန်းပြောဆိုသူသည် မိမိ၏ပြောပြသောအရာများတွင် မရေရာမှုများ သို့မဟုတ် ဆန့်ကျင်ဘက်များဖြစ်သည်ကို သတိပြုမိပါက၊ မိမိအတွက်၊ ကိစ္စရပ်များကို ရှင်းလင်းစေနိုင်ရန် ဖြေရှင်းခွင့်ကို ပေးပါလိမ့်မည်။

- မေးမြန်းပြောဆိုချိန်၌ မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို စစ်ဆေးမည်ဖြစ်ပါသည်။ ကိုယ်ရေးကိုယ်တာအချက်အလက်များသည် အဓိကအားဖြင့် စာရွက်စာတမ်းများအပေါ် အခြေခံထားပါသည်။ အကယ်၍ မေးမြန်းပြောဆိုခြင်းပြုလုပ်ပြီးနောက် မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ပြောင်းလဲရန် လိုအပ်ပါက၊ နိုင်ငံကူးလက်မှတ် သို့မဟုတ် အခြားသောတရားဝင် မှတ်ပုံတင်စာရွက်စာတမ်းကပ်ပြားများ လိုအပ်မည်ဖြစ်ပါသည်။
- လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ နှင့် မိမိ၏ အခြေခံတင်ပြထားသောလျှောက်လွှာပုံစံများကို၊ နိုင်ငံခြားသားများ၏ ကိစ္စရပ်များစစ်ဆေးရေးစနစ်တွင် သိမ်းဆည်းထားမည်ဖြစ်ပါသည်။ ၎င်းသည်၊ တရားဝင်မှတ်ပုံတင်ရုံးစနစ်တစ်ခုဖြစ်ပါသည်။
- မှားယွင်းသော ကိုယ်ရေးကိုယ်တာ အချက်အလက်များ အား အာဏာပိုင်တစ်ဦးတေယာက်ထံသို့ နှင့် မှားယွင်းသော အချက်အလက်များ တင်ပို့ပေးခြင်း သို့မဟုတ် အာဏာပိုင်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရန်အတွက် မှားယွင်းသော အချက်အလက်များ ပေးအပ်ခြင်းများသည်၊ ပြစ်ဒဏ်ချမှတ်နိုင်သော ရာဇဝတ်မှုတစ်ခုဖြစ်ပါသည်။ ဖင်လန်နိုင်ငံတွင် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုသည် အသက် ၁၅ နှစ်ကျော်သူများအတွက် အကျုံးဝင်ပါသည်။

## စစ်ဆေးမေးမြန်းခြင်းအတွက် မည်ကဲ့သို့ပြင်ဆင်ထားရမည်နည်း။

- မေးမြန်းပြောဆိုချိန်တွင်၊ မိမိသည် မိမိစကားဖြင့်၊ အဘယ့်ကြောင့် မိမိ၏ လျှောက်လွှာကို သက်ဆိုင်မှုမရှိခြင်းကြောင့်၊ စစ်ဆေးမှုမရှိကာ ချန်လှပ်ထားခြင်းမပြုပါရန်၊ အကြောင်းပြချက်များကို မိမိသည်၊ အကြောင်းရင်းအလုံးစုံနှင့်အတူ ရှင်းပြပေးရပါမည်။ ကြိုတင်ပြင်ဆင်ထားခြင်းသည်၊ မေးမြန်းပြောဆိုချိန်၌၊ မိမိ၏အတွေ့အကြုံများကို မှုဝေပြောပြရန် ပိုမို၍လွယ်ကူစေနိုင်မည်ဖြစ်ပါသည်။
- လူဝင်မှုကြီးကြပ်ရေးဌာနသို့ မတင်ပြရသေးသော မိမိ၏ကိစ္စရပ်များအတွက် အရေးကြီးသော စာရွက်စာတမ်းများကို၊ မေးမြန်းပြောဆိုခန်းသို့ ယူဆောင်လာနိုင်ပါသည်။ ဤစာရွက်စာတမ်းများသည် မိမိ၏ ခိုလှုံခွင့်အကြောင်းပြချက်များနှင့် မည်သို့သက်ဆိုင်နေသည်ကိုလည်း၊ အကျဉ်းချုပ်ရှင်းပြပေးနိုင်ရန် အဆင်သင့်ပြင်ဆင်ထားပါ။ စာရွက်စာတမ်းများတွင် ဥပမာအားဖြင့်၊ မှတ်ပုံတင်စာရွက်စာတမ်းများ၊ အခြားသောတရားဝင်စာရွက်စာတမ်းများ၊ ဆေးလက်မှတ်များအပြင်၊ မိမိ၏ရာဇဝင်အဖြစ်အပျက်များနှင့် သက်ဆိုင်နေသည့် သတင်းစာဆောင်းပါးများ နှင့် စာစောင်များ လိုအပ်နိုင်ပါသည်။ ဤစာရွက်စာတမ်းများသည်လည်း နိုင်ငံတကာကာကွယ်မှုအတွက် မိမိ၏လျှောက်လွှာကိုခန့်မှန်းရာ၌ လူတစ်ဦးချင်းအတွက်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊ အကြောင်းပြချက်ကဲ့သို့သော အခြားသောအကြောင်းပြချက်များဖြင့် နေထိုင်ခွင့်အတွက်

အကြောင်းပြချက်များ ရှိနိုင်မရှိနိုင် ကိုလည်း အကဲခတ်ဆုံးဖြတ်မည်ဖြစ်သောကြောင့်၊ ဤအရာသည်လည်း အလွန်အရေးကြီးပါသည်။

- မေးမြန်းပြောဆိုခြင်းမစခင်အတောအတွင်း၊ အာဏာပိုင်များဆီမှ ရရှိထားသော ညွှန်ကြားချက်များ နှင့် လက်ကမ်းစာစောင်များအားလုံးကို အဆင်သင့် ဖတ်ရှုထားပါ။
- မေးမြန်းပြောဆိုချိန်သို့ အချိန်မှီ ရောက်ရှိလာနိုင်ရန် အဆင်သင့်ပြုလုပ်ထားပါ။ မြေပုံများကို လူဝင်မှုကြီးကြပ်ရေးဌာန ရုံးခန်းများ၏ လိပ်စာတွင် ရှာဖွေ နိုင်ပါသည်။ **migri.fi/yhteystiedot.**
- မမေ့ပါနှင့်၊ မေးမြန်းပြောဆိုချိန်သည် နာရီပေါင်းများစွာ ကြာမြင့်နိုင်ပါသည်။ နေ့လယ်စာစားချိန် နှင့် လိုအပ်ပါက တခြားသော အားလပ်ချိန်များကိုလည်း ပေးပါမည်။ လိုအပ်ပါက အနားယူချိန်လည်းတောင်းလို့ရပါသည်။ မုန့်များ၊ သရေစာ သို့မဟုတ် နေ့လယ်စာစားရန်အတွက် ပိုက်ဆံ နှင့် နေ့လယ်၌လိုအပ်သော ဆေးဝါးများကိုလည်း ယူဆောင်လာပါ။
- ကလေးများကို၊ မေးမြန်းပြောဆိုမည့်နေရာသို့ ဖိတ်ကြားထားခြင်းမရှိပါက၊ ခေါ်လာ၍မရပါ။ အကယ်၍ မေးမြန်းပြောဆိုချိန်အတွက်၊ ကလေးထိမ်း ပြုစုစောင့်ရှောက်ပေးသူ လိုအပ်နေပါက၊ ညှိနှိုင်းစင်တာသို့ အချိန်မီ အကြောင်းကြားပေးပါ။
- အကယ်၍ မိမိသည် မေးမြန်းပြောဆိုချိန်အတွက် အထူးလိုအပ်ချက်များရှိပါက၊ ဥပမာ ကျန်းမာရေးကြောင့်ဖြစ်ခဲ့ သော်လူဝင်မှုကြီးကြပ်ရေးဌာနသို့ ချက်ချင်းအကြောင်းကြားပါ။ ဥပမာ မသန်စွမ်းမှု သို့မဟုတ် ကျန်းမာရေးပြဿနာများကြောင့်၊ အကူအညီ တစ်ခုခု လိုအပ်နေပါက၊ တောင်းဆိုနိုင်ပါသည်။ မိမိသည် လူကုန်ကူးမှုကြောင့် သားကောင်ဖြစ်ခဲ့သော်၊ အကယ်၍ မိမိသည်အုပ်ထိမ်းသူမပါလာသော အသက်မပြည့်သေးသူဖြစ်ပါက၊ သင့်ကိုယ်စားလှယ်ထံသို့ အကူအညီတောင်းပါ။ အကယ်၍ မိမိသည် ထိန်းသိမ်းရေးဌာန သို့မဟုတ် အခြား အဆောင်တစ်ခုခုတွင် နေသောသူတစ်ဦးဖြစ်ပါက၊ သင့်တည်းခိုရာနေရာရှိ ဝန်ထမ်းအား ပြောပြပါ။
- လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိေကြင့်မဟုတ်ဘဲ ထိန်းချုပ်၍မရနိုင်သော၊ အမြဲဖြစ်နေကြဖြစ်သော အကြောင်းအရာများကြောင့်၊ ဤ မေးမြန်းပြောဆိုခြင်း ကို တက်ရောက်နိုင်ခြင်းမရှိနိုင်ပါဟု ယူဆပါက၊ ဤ မေးမြန်းပြောဆိုခြင်းကို စီစဉ်ပေးမည်မဟုတ်ပါ။ ဤကိစ္စအတွက်၊ လူဝင်မှုကြီးကြပ်ရေးဌာနသို့ ထပ်မံ၍ ၎င်း အချက်အလက်များကို စာဖြင့်ရေးသားတင်ပြပါရန်၊ ဤကဲ့သို့သော အခွင့်အရေးကိုလည်း ရရှိနိုင်ပါသည်။

## စစ်ဆေးမေးမြန်းချိန်တွင် မည်သည့်အရာများဖြစ်မည်နည်း။

- အစပိုင်း၌ မေးမြန်းပြောဆိုသူသည်၊ မေးမြန်းပြောဆိုချိန်တွင် မည်သည့်အရာများဖြစ်လာမည်ကိုအရင်ရှင်းပြမည်ဖြစ်ပြီး၊ မိမိ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို မိမိသည်၊ အမှန်တကယ်နားလည်မှုရှိမရှိကိုလည်း သေချာအောင်အဆင်သင့်လုပ်သွားမည်ဖြစ်ပါသည်။ တစ်ခုခုကို မိမိသည် နားလည်မှုမရှိပါက၊ ပြန်လည်မေးမြန်းနိုင်ပါသည်။
- မေးမြန်းပြောဆိုသူသည် မိမိနှင့် စကားပြန်အပြန်အလှန် တစ်ယောက် နှင့် တစ်ယောက် နားလည်ကြပါသလား ဟူ၍ လည်း မေးမည်ဖြစ်ပါသည်။ မိမိသည် စကားပြန်ကို နားမလည်ပါက ပြောပြ၍ရပါသည်။
- မေးမြန်းသူသည် မိမိ၏ကျန်းမာရေးအခြေအနေပြောင်းလဲမှုများရှိမရှိကိုလည်း မေးမြန်းမည်ဖြစ်ပြီး၊ ထို့နောက် မိမိ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို တစ်ဖန် ပြန်လည်သုံးသပ်မည်ဖြစ်ပါသည် နှင့် မိမိနှင့် ပတ်သက်နေသော၊ နောက်ခံအကြောင်းအရာများကို မေးမြန်းနိုင်ပါသည်။
- မေးမြန်းပြောဆိုသူ၏ ညွှန်ကြားချက်များကို ဂရုတစိုက်နားထောင်ပါ။
- ထို့နောက် မိမိအတွက် အစီအစဉ်လုပ်ထားသော ဤလျှောက်လွှာကို လက်ခံပြီးနောက် မစစ်ဆေးပါကမဖြစ်နိုင်သည့်အကြောင်းပြချက်များကို ဖြေရှင်းပေးသွားမည်ဖြစ်ပါသည်၊
- အကယ်၍၊ မိမိသည်မေးခွန်းတစ်ခုခုကို နားမလည်ပါက၊ မေးမြန်းပြောဆိုသူအား ပြောပြပါ။ ဤမေးမြန်းပြောဆိုသူသည် မိမိအတွက်၊ ပိုမိုရှင်းလင်းစေမည့်မေးခွန်းကို တစ်ဖန်ပြန်လည်မေး ပေးပါလိမ့်မည်။
- မေးမြန်းပြောဆိုမည့်အချိန်သည် ကွာဟတ်မှုများရှိနေပါသည်။ မေးမြန်းပြောဆိုချိန်အတွင်း မည်သည့်အချိန်တွင်မဆို၊ အနားယူချိန် တောင်းဆိုနိုင်ပါသည်။
- မေးမြန်းပြောဆိုနေချိန်၌ တစ်ကြိမ်တည်းမှာပင်လျှင်၊ မှတ်တမ်းစာစောင်တစ်ခုအဖြစ် ရေးသားထားမည်ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးဌာနမှ လိုအပ်သည်ဟုယူဆပါက၊ မေးမြန်းပြောဆိုသူသည် ဤမှတ်တမ်းစာစောင်ကို မိမိနှင့်အတူ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အလုံးစုံ ပြန်လည်သုံးသပ်စစ်ဆေးသွားမည်ဖြစ်ပါသည်။ မေးမြန်းပြောဆိုချိန်ကာလအတွင်း မေးမြန်းပြောဆိုသူသည် ဤမှတ်တမ်းစာစောင်ကို မိမိနှင့်အတူ အလုံးစုံ ပြန်လည်သုံးသပ်သွားခြင်း မပြုလုပ်ပါက၊ ဤမှတ်တမ်းစာစောင်ကို ထပ်လောင်းပြင်ဆင်ချက်များနှင့် ပြင်ဆင်ချက်များကို တင်သွင်းနိုင်ရန် အတွက် နောက်ဆုံးရက်ကို မိမိအား ပေးအပ်ပါမည်။ မှတ်တမ်းစာစောင်များ၏မိတ္တူတစ်စောင်ကို မိမိကိုယ်တိုင် လက်ခံရရှိမည်ဖြစ်သည်။

## အကယ်၍ ခိုလှုံခွင့်အတွက်စစ်ဆေးမေးမြန်းကို စစ်ဆေးရန် အတွက် လက်ခံခြင်း နှင့် ပတ်သက်ေနေသာအရာကို စစ်ဆေးမေးမြန်းခြင်းနှင့်တွဲပြီးပြုလုပ်ခြင်း။

- စစ်ဆေးရန် အတွက် လက်ခံခြင်း နှင့် ပတ်သက်ေနေသာ မေးမြန်းပြောဆိုခြင်း၌၊ ဤအရာအတွက် အကြောင်းပြချက်တစ်ခုခု ရှိနိုင်ပါသလား။ မိမိ၏ လျှောက်လွှာကို စစ်ဆေးမှုမရှိခြင်း၏ အကြောင်းပြချက်များ ရှိနိုင်မရှိကိုလည်း ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။ အခြားတစ်ဖက်မှကြည့်ပါက၊ ခိုလှုံခွင့်အတွက် မေးမြန်းပြောဆိုခြင်းသည် နိုင်ငံတကာကာကွယ်မှုအတွက် အကြောင်းပြချက်များ၊ အခြေခံအရာများဖြေရှင်းကြမည်ဖြစ်သည်။ အကယ်၍ မိမိ၏ လျှောက်လွှာကို စစ်ဆေးမည်ဖြစ်ပါက၊ နှင့် ဘာသာပြန်အချိန် လုံလုံလောက်လောက်ရှိကြောင်း သေချာပါက၊ သာလျှင် မေးမြန်းပြောဆိုခြင်း ကိုလက်ခံပြီး ခိုလှုံခွင့်အတွက်မေးမြန်းပြောဆိုခြင်း ကိုစတင်ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။ ခိုလှုံခွင့် နှင့်ပတ်သက်ေသာမေးမြန်းပြောဆိုခြင်း ကို သီးခြားစွာ စီစဉ်ပေး၍လည်းရနိုင်ပါသည်။ ခိုလှုံခွင့်အတွက်မေးမြန်းပြောဆိုခြင်းကို လက်ခံပြီး မေးမြန်းပြောဆိုခြင်းနှင့်အတူ မပြုလုပ်ခြင်းသည်လည်း မိမိ၏ လျှောက်လွှာကို ငြင်းပယ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။
- ခိုလှုံခွင့်အတွက်မေးမြန်းပြောဆိုချိန်၌၊ နိုင်ငံတကာအကာအကွယ်ပေးရန်အတွက် မိမိသည်၊ အဘယ့်ကြောင့် လျှောက်ထားရပါသနည်း၊ ဟူသော အကြောင်းရင်းများ အလုံးစုံကို ရှင်းပြပေးရန် မိမိ၌ တာဝန်ရှိပါသည်။ မေးခွန်းများကို တိကျစွာ ကြိုးစားပြီးဖြေဆိုပေးပါ။
    - အကယ်၍ ခိုင်လုံသောအကြောင်းပြချက်များမရှိဘဲ၊ မေးခွန်းများကို ဖြေဆိုရန် ငြင်းဆိုခဲ့ပါက၊ ဤအကြောင်းအရာများကြောင့်၊ မေးမြန်းပြောဆိုချိန်တွင် သင်၏ခိုလှုံခွင့်အကြောင်းပြချက်များကို လုံလောက်စွာအချက်အလက်များ မပေးနိုင်ပါက၊ မိမိ၏လျှောက်လွှာကို သွယ်ဝိုက်သောနည်းဖြင့် ရုပ်သိမ်းသည်ဟု ယူဆနိုင်ပြီး ဤကိစ္စရပ်များကို ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။
- မေးမြန်းပြောဆိုချိန်အတွင်း၊ မိမိသည် နိုင်ငံတကာကာကွယ်မှုအတွက် လျှောက်ထားရသည့် အကြောင်းရင်းများကို သင့်ကိုယ်ပိုင်စကားလုံးများဖြင့် ရှင်းပြပေးရမည်ဖြစ်ပါသည်။ အရေးကြီးသောရက်စွဲများနှင့် အမည်များကိုလည်း မှတ်စုထဲ၌ရေးမှတ်ထားခြင်းအားဖြင့်၊ မေးမြန်းပြောဆိုခြင်းအတွက် ဤကဲ့သို့ အဆင်သင့်ပြင်ဆင်နိုင်ပါသည်။ ဤကဲ့သို့

ကြိုတင်ပြင်ဆင်ထားပါက၊ မေးမြန်းပြောဆိုချိန်၌ သင့်အတွေ့အကြုံများအကြောင်း ပြောဆိုရန် ပိုမို၍လွယ်ကူလာနိုင်မည်ဖြစ်ပါသည်။

- မေးမြန်းပြောဆိုချိန်၌ အဘယ်ကြောင့်၊ မိမိသည် မိမိ၏နေရပ်နိုင်ငံမှ ထွက်ပြေးခဲ့ရပြီး နှင့် အဘယ်ကြောင့် ထိုနိုင်ငံသို့ ပြန်သွားလို့မရနိုင်ေကြာင်းကို ရှင်းပြရမည်ဖြစ်ပါသည်။ မေးမြန်းပြောဆိုသူသည်လည်း၊ မိမိအတွက် နိုင်ငံတကာကာကွယ်မှုပေးရန် လိုအပ်ေနသည့် အကြောင်းရင်းများကိုလည်း လွတ်လပ်ပွင့်လင်းစွာဖြင့် အသေးစိတ်ပြောဆိုနိုင်စွမ်းရှိေအာင် အားပေးပါလိမ့်မည်။ လိုအပ်ပါက မေးမြန်းပြောဆိုသူသည် သင့်လျှောက်လွှာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ရှင်းပြရာ၌လည်း လမ်းညွှန်မှုများပြုလုပ်ပေးပါလိမ့်မည်။
- မိမိသည် မိမိ၏လျှောက်လွှာအတွက် အကြောင်းပြချက်များကို တင်ပြပေးပြီးနောက်၊ စစ်ဆေးမေးမြန်းသူသည် အရေးကြီးသောအချက်များကို ပိုမိုရှင်းလင်းစေနိုင်ရန် ထပ်မံ၍မေးခွန်းများကို ပြန်လည် မေးမြန်းမည်ဖြစ်ပါသည်။
- မေးမြန်းပြောဆိုသူသည် မိမိ၏ မွေးရပ်ဇာတိ သို့မဟုတ် သင့်ကိစ္စရပ်များကို စီမံဆောင်ရွက်ရာ၌ သက်ဆိုင်နေသည့် အကြောင်း အရာများကို ပိုမိုတိကျစွာဆက်လက် မေးမြန်းနိုင်ပါသည်။

## စစ်ဆေးမေးမြန်းပြီးနောက် မည်သည့်အရာများဖြစ်လာနိုင်မည်နည်း

- မိမိလျှောက်လွှာနှင့်ပတ်သက်နေသည့် သက်ဆိုင်နေသည့် ထပ်မံပူးတွဲ ဖြေရှင်း တင်ပို့ပေးရမည့် အချက်အလက်များကျန်ရှိနေပါက၊ ဆုံးဖြတ်ချက်မချမချင်း ဆက်လက်တင်ပို့ပေးနိုင်ပါသည်။ နောက်ဆုံးရက်နောက်ပိုင်းတွင် တင်သွင်းထားသော နောက်ထပ်အချက်အလက်များကို ဆုံးဖြတ်ချက်တွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ ကျေးဇူးပြု၍ သတိပြုပါ။ နောက်ထပ်ပို့ဆောင် ပေးသောဖြေရှင်းချက်များကို စာဖြင့်ရေးသားတင်ပို့ပေးပါ။
- လူဝင်မှုကြီးကြပ်ရေးဌာနသည် သင်၏လျှောက်လွှာကို လက်ခံပြီး စစ်ဆေးမှုများလုပ်မည်မလုပ်မည်ကို ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။
- လူဝင်မှုကြီးကြပ်ရေးဌာနသည် မေးမြန်းပြောဆိုခြင်းတွင် မိမိပေးအပ်သော အချက်အလက်များ၊ အခြားတင်ပြထားသော အထောက်အထားများ နှင့် နိုင်ငံနှင့်ဆိုင်ရာ အချက်အလက်များအပေါ် အခြေခံ၍၊ မိမိ၏ ကိစ္စကို ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနသည် ဆုံးဖြတ်ချက်နှင့် သက်ဆိုင်ေနသည့်၊ အများပြည်သူဆိုင်ရာ အချက်အလက်အရင်းအမြစ် များကိုလည်း ရှာဖွေနိုင်ပါသည်။

- အကယ်၍ မိမိ၏လျှောက်လွှာသည်၊ ငြင်းပယ်ခြင်းကိုခံခဲ့ရပါက၊ သင့်အား ပြန်လွှတ်နိုင်ပြီး ဖင်လန် နှင့် အခြားသော ရှန်ဂန် နိုင်ငံများသို့ ပြည်ဝင်ခွင့်ကိုလည်း ပိတ်ပင်ခံရနိုင်ပါသည်။
- မိမိသည် မိမိ၏ နေရပ်နိုင်ငံသို့ မိမိဆန္ဒအလျောက် ကူညီပံ့ပိုးပေးထားသော အကူအညီဖြင့်ထွက်ခွာသွားလိုပါက၊ ခိုလှုံခွင့်လုပ်ငန်းစဉ်၏ မည်သည့်အဆင့်တွင်ပင်မဆို၊ ၎င်းအရာကို တောင်းဆိုခွင့်ရှိပါသည်။ အကယ်၍ မိမိ၏ လျှောက်လွှာသည် ငြင်းပယ်ခြင်းကိုခံရပါက၊ သို့မဟုတ် နိုင်ငံတကာကာကွယ်မှုအတွက် မိမိ၏လျှောက်လွှာကို ရုပ်သိမ်းခဲ့သော်၊ မိမိဆန္ဒအလျောက်ပြန်ရန်အတွက် အထောက်အပံ့ကို လျှောက်ထားပိုင်ခွင့်ရှိပါသည်။ အထောက်အပံ့ကိုပေးရန်အတွက် အချို့သောအရာများပါဝင်ပြီး ဤအထောက်အပံ့အတွက် လျှောက်ထားသည့်အခါ ၎င်းအရာများကို စစ်ဆေးမည်ဖြစ်ပါသည်။ မိမိ၏ ဧည့်ကြိုဌာနတွင် အကြံအဉာဏ်တောင်းခံပါ၊ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာန၏ ပြန်လည်ထွက်ခွာရေး၊ အကြံဉာဏ်ပေးရန်အတွက် ၎င်း၏ ဝဘ်ဆိုက်တွင် နောက်ထပ်အချက်အလက်များနှင့်အတူ ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များကို ဆက်လက်ဖတ်ရှုနိုင်ပါသည်။ အကြံဉာဏ်မှ ပြန်လာခြင်း

**migri.fi/paluu** သို့မဟုတ် **voluntaryreturn.fi/etusivu**

- အကယ်၍၊ ဤဆုံးဖြတ်ချက်ကို အယူခံဝင်ရန်လိုအပ်ပါက အယူခံဝင်ရန် ညွှန်ကြားချက်များကို ဤဆုံးဖြတ်ချက်နှင့်အတူ ပူးတွဲတင်ပြထားပါသည်။
- အကယ်၍၊ မိမိသည် နိုင်ငံတကာကာကွယ်မှုအတွက် မိမိ၏အိမ်ထောင်ဖက်၊ အသက်မပြည့်သေးသော ကလေးများ သို့မဟုတ် မှီခိုသူလူကြီးများနှင့်အတူ လျှောက်ထားပါက၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ မိမိ၏ကိစ္စရပ်အတွက် သီးခြားဆုံးဖြတ်ချက်များချမှတ်ရာ၌ အကျိုးအကြောင်းဆီလျော်မှု ရှိသည်ဟု ယူဆမှုမရှိပါက၊ ပူးတွဲဆုံးဖြတ်ချက်ကို များသောအားဖြင့် ချမှတ်ကြသည်ဖြစ်သည်။ မေးမြန်းပြောဆိုသူသည် မေးမြန်းပြောဆိုချိန်၌ ဤ သီးခြားဆုံးဖြတ်ချက်ချရန် လိုအပ်သောအကြောင်းပြချက်များ ရှိမရှိ ကိုလည်းမေးမြန်းမည်ဖြစ်ပါသည်။
- အကယ်၍၊ နောက်ပိုင်းတွင် ခိုလှုံခွင့်အတွက် အကြောင်းပြချက်အသစ်များ ထွက်ပေါ်လာပါက၊ လူဝင်မှုကြီးကြပ်ရေးဌာန သို့မဟုတ် အယူခံဝင်သည့်တရားရုံးသို့ ၎င်းအရာများအား အကြောင်းပြချက်များ ချက်ချင်း တင်ပြပေးပါ။ အကယ်၍ မိမိသည် အချက်အလက်အသစ်များ သို့မဟုတ် အကြောင်းပြချက်အသစ်များကို အမြန်ဆုံး မတင်ပြနိုင်ပါက၊ ၎င်းတို့အပေါ် အခြေခံ၍

နောက်ဆက်တွဲလျှောက်လွှာထပ်တင်သောအခါ၌၊ ၎င်းတို့အတွက်
ထပ်မန်၍စစ်ဆေးပေးတော့မည်မဟုတ်ပါ။